# The Consequences of the Resurrection of Christ

# ခရစ်တော် ရှင်ပြန်ထမြောက်ခြင်း၏ အကျိုးဆက်များ။

ယနေ့ ကျွန်ုပ်တို့သည် မိမိတို့ သခင်ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို အောက်မေ့သတိရကြသည်။ ခရစ်ယာန်ယုံကြည်ခြင်းသည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအပေါ် အခြေခံထားသည်။ မဟာသောကြာနေ့ဝတ်ပြုခြင်းသည် ခရစ်တော်၏သေခြင်းကို ပြန်လည်အောက်မေ့ဖွယ်ကျင်းပခဲ့ပြီး သုံးရက်အကြာတွင် (ဂျူးလူမျိုးများက သောကြာနေ့အပါအဝင်) လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ကယ်တင်ရှင်သည် သင်္ချိုင်းမှအောင်မြင်စွာ ရှင်ပြန်ထမြောက်ခဲ့သည်။ ယေရှုသည် ရှင်ပြန်ထမြောက်ပြီးနောက် စုစုပေါင်း (၁၀) ကြိမ် ပေါ်ထွန်းခဲ့သည်။ (ဝီလ်မင်တန်၏ သမ္မာကျမ်းစာလမ်းညွှန်၊ ၃၃၅-၃၃၈ ကိုကြည့်ပါ) ၎င်းကို လူ (၅၀၀) ကျော်က အလွန်အမင်းထောက်ခံခဲ့ကြသည် (၁ ကောရိန္သု ၁၅:၆)။ (၎င်းသည် ယုံကြည်ခြင်းတရားကို ခုခံကာကွယ်ရန်အတွက် တောင်းပန်စကားများဖြစ်သည်)။

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း သို့မဟုတ် ရှင်ပြန်ထမြောက်ခြင်း တနင်္ဂနွေနေ့တွင် ဖြစ်ပျက်ခဲ့သော ဓမ္မပညာဆိုင်ရာ အရေးပါမှုကား အဘယ်နည်း။ ၁ ကောရိန္သု ၁၅:၁-၂၁ ရှိ ပေါလု၏ ဟောပြောချက်ကိုကျွန်ုပ် တို့ ဆွေးနွေးပါမည်။

## ရှင်ပြန်ထမြောက်ခြင်းနှင့် ကျွန်ုပ်တို့၏ ရွေးနှုတ်ခြင်း။

### The Resurrection & Our Redemption

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ကယ်တင်ခြင်းဆိုင်ရာ အယူဝါဒ သို့မဟုတ် ယုတ္တိဗေဒ၏ အဓိကအချက်ဖြစ်သည်။ ၁ ကောရိန္သု ၁၅:၁-၅ တွင် ပေါလုအကျဉ်းချုပ်ဖော်ပြထားသော ဧဝံဂေလိတရားတွင် ရှင်ပြန်ထမြောက်ခြင်းပါဝင်သည်။ ကရာနီတောင်အကြောင်းသာမက ဗလာသင်္ချိုင်းဂူအကြောင်းကိုပါ ပြောဆိုရန် လိုအပ်ပါသည်။ အမှန်တရားမှာ ခရစ်တော်သည် ကရာနီတောင်ပေါ်တွင် ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံခဲ့ပြီး ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်သည် သေခြင်းနှင့်အပြစ်ကို ကျော်လွှား၍ သဘာဝလွန် အောင်မြင်ကာ ရှင်ပြန်ထမြောက်ခဲ့သည်။ ၁ ကောရိန္သု ၁၅:၁၄ တွင် ပေါလုက၊ “ *ခရစ်တော်သည် ထမြောက် တော်မမူလျှင်၊ ငါတို့၏ဟောပြောခြင်း*

*သည် အကျိုးမရှိ၊ သင်တို့၏ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။"* ဟု ပြောခဲ့ခြင်းသည် ဧဝံဂေလိတရား ဟောပြောခြင်းအတွက် အဓိကကျပေသည်။ ယုံကြည်သူများအတွက် သက်ရောက်မှုများ (၃) ခုရှိသည် - ခရစ်တော်မထမြောက်ခဲ့လျှင်။

## ၁။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အချည်းနှီးဖြစ်သည် (အခန်းငယ်- ၁၄)

**Our Faith is vain (V-14)**

ရှင်ပြန်ထမြောက်ခြင်းမရှိပါက ကျွန်ုပ်တို့၏ ခရစ်ယာန်ယုံကြည်ခြင်းအတွက် အခြေခံမရှိပေ။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် သေဆုံးပြီးသည်ဖြစ်ပြီး၊ သင်္ချိုင်းထက်ကျော်လွန်၍ မျှော်လင့်ချက် မရှိပါ။ မနက်ဖြန်တွင် ကျွန်ုပ်တို့သည် သေဆုံးမည်ဖြစ်သောကြောင့် လောကနှင့်ပူးပေါင်း၍ စားသောက် ပျော်ရွှင်ကြပါစို့။

## ၂။ ကျွန်ုပ်တို့သည် မမှန်သောသက်သေများဖြစ်ကြသည် (အခန်းငယ်- ၁၅)

**We are False Witnesses (V-15)**

ခရစ်တော်သာ မထမြောက်ခဲ့လျှင်၊ ထာဝရအသက်နဲ့ သင်္ချိုင်းပြင်ပက မျှော်လင့်ချက် အကြောင်း သွားပြောနေသည့် ကျွန်ုပ်တို့သည် မှားယွင်းသော သက်သေခံများ ဖြစ်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် လိမ်ညာသူများဖြစ်ကြပြီး၊ မုသာစကားကို ကျူးလွန်ကြသူများ ဖြစ်ကြသည်ကို သက်သေပြပြီးသားပင်ဖြစ်သည်။

## ၃။ ကျွန်ုပ်တို့သည် အပြစ်များ၌ ရှိနေဆဲဖြစ်သည် (အခန်းငယ်- ၁၇)

**We are Still in our Sins (V-17)**

ကျွန်ုပ်တို့သည် မိမိတို့၏ယုတ်မာမှုများမှ လွတ်မြောက်ခြင်းမရှိပေ။ လွတ်မြောက်ခြင်းမရှိ၊ လူသားအားလုံး၌ ကျွန်ုပ်တို့သည် အဆင်းရဲဆုံးသောသူများ ဖြစ်ပါက၊ အပြစ်နှင့် သေခြင်း၏

ချည်နှောင်မှုအောက်တွင် ရှိနေဦးမည်ဖြစ်သည်။ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အပြစ်၏တန်ခိုးကို ချိုးဖျက်နိုင်သောအခါတွင်၊ လွတ်မြောက်ခြင်း ရောက်ရှိလာမည်ဖြစ်သည်။ အထက်ဖော်ပြပါ အချက်အားလုံး မမှန်ပေ။

ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်မူကြောင်း သက်သေပြခဲ့ပြီးပြီဖြစ်သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ၁ ကောရိန္သု ၁၅:၅၇ တွင်၊ *"ပေါလုက ငါတို့သခင် ယေရှုခရစ်အားဖြင့် ငါတို့အားအောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည်ကြီးလှစွတကား။"* ဟု ပြောကြားခဲ့သည်။

## ရှင်ပြန်ထမြောက်ခြင်းနှင့် မပုပ်ပျက်နိုင်သောခန္ဓာကိုယ် (အခန်းငယ်- ၅၀-၅၆)

**Resurrection & An Incorruptible Body (Vs- 50-56)**

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ယုံကြည်သူများ၏ခန္ဓာကိုယ်များ ရှင်ပြန်ထမြောက်ခြင်း၏ရှေ့ပြေးနိမိတ်တစ်ခုဖြစ်သည်။ မွေးဖွားချိန်မှစ၍ တန်ဖိုးလျော့လာသော မြေကြီးပေါ်ရှိ ပုပ်ပျက်နိုင်သော ခန္ဓာကိုယ်တစ်ခုရှိသည်။ ခရစ်တော်ကြွလာချိန်တွင် ကျွန်ုပ်တို့၏ခန္ဓာကိုယ်များ ရှင်ပြန်ထမြောက်ပြီး၊ သခင်နှင့်ပြန်လည်ပေါင်းစည်းသောအခါ၊ ကျွန်ုပ်တို့၏ဘုန်းအသရေသည် ပြီးပြည့်စုံသည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ဂျုံစပါး၏ကြိုတင်မြည်းစမ်းပြီး အရသာရှိသော အရာတစ်ခုဖြစ်သည်။ ယေရှုသည် အဦးဆုံးအသီးဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏ အနာဂတ်ထမြောက်ခြင်း၏ အမြင့်မြတ်ဆုံးသောပုံစံဖြစ်ပြီး၊ မကြာမီ ကိုယ်တော်ပြန်ကြွလာတော့မည်ဖြစ်သည်။ လူတစ်ဦး သေဆုံးသောအခါတွင်၊ သူ၏ခန္ဓာကိုယ်သည် သင်္ချိုင်းတွင်ကျန်ရှိနေပြီး၊ သူ၏ဝိညာဉ်သည် ဘုရားသခင်ထံပြန်သွားပါသည်။ တစ်နေ့တွင်၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများသည် ဝိညာဉ်များနှင့် ပြန်လည်ပေါင်းစည်းမည်ဖြစ်ပြီး၊ သခင်နှင့် ရွေးနှုတ်ခံရသူများနှင့်အတူ ထာဝရနေထိုင်မည့် မပုပ်ပျက်နိုင်သော၊ မသေနိုင်သောခန္ဓာကိုယ်ကို ရရှိကြမည်ဖြစ်သည်။ ၎င်းသည် ဘုန်းအသရေရှိသော မျှော်လင့်ချက်နှင့် မျှော်လင့်နေသောအရာတစ်ခုဖြစ်ပြီး၊ ၎င်းသည် သေချာပြီးတည်ငြိမ်သော သဘောပေါက်မှုတစ်ခုဖြစ်လိမ့်မည်။ တစ်နေ့တွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မြင်ကွင်းထဲသို့ ပြောင်းလဲသွားသည်။ ယောဘက *"လူသည်သေလျှင် အသက်ရှင်ပြန်ပါမည်လော။ အကျွန်ုပ်ပြောင်းလဲချိန်မရောက်မှီ၊ ပင်ပန်းစွာ အမှုထမ်းရသောနေ့ရက်ကာလပတ်လုံး သည်းခံလျက်နေပါမည်။"* ဟုပြောခဲ့သည် (ယောဘ ၁၄:၁၄)။

## လာဇရု၏ ပုံသက်သေ။

## The Example of Lazarus

ယေရှုကြွလာချိန်တွင် လာဇရုသည် လေးရက်ကြာသေဆုံးပြီး သူ၏ခန္ဓာကိုယ်သည် နံစော်နေသည်ကို ကျွန်ုပ်တို့ သတိရကြသည်။ ယောဟန်ခရစ်ဝင်- ၁၁ တွင် ယေရှုအား ဘုရားသခင်၏အမှုပြုရန် ညီမအစ်မများက ခေါ်ဆောင်ခဲ့ပြီး ကိုယ်တော်ကြွသွားတော်မူခဲ့သည်။ သူတို့သည် ကိုယ်တော်၏ သေခြင်းကြောင့် အလွန်စိတ်ဓာတ်ကျခဲ့ကြသော်လည်း၊ ယေရှုသည် အံ့ဖွယ်သောအမှုတစ်ခုကိုပြုတော်မူခဲ့သည်။ ကိုယ်တော်သည် သူ့ကို သေခြင်းမှ ထမြောက်စေခဲ့သည်။ ဘုရားသခင်နှင့်အတူ ကိုယ်တော်ကြွလာ တော်မူသည့်နေ့၌ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်များကို ထမြောက်စေရန် မဖြစ်နိုင်သော အရာမဟုတ်ပေ။ ယောဟန်ခရစ်ဝင် ၁၁:၂၅-၂၆ တွင်၊ ကျွန်ုပ်တို့သည် ဤဘုန်းအသရေရှိသောမျှော်လင့်ချက်ရှိသည်။ *"ယေရှုက၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက် ရှင်သောသူရှိသမျှတို့သည်လည်းသေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။"*

ယောဘသည် ယောဘဝတ္ထု ၁၉:၂၅၊ ၂၆ တွင်၊ *"ငါ့ကို ရွေးနှုတ်သောသခင်သည် အသက်ရှင်၍ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည်ဟူ၍၎င်း- ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း၊ ငါသည်ကိုယ်ခန္ဓာ၌ ဘုရားသခင်ကို မြင်မည်ဟူ၍လည်းကောင်း ငါသိ၏။"* ဟု ပြောခဲ့ပါသည်။

## ဘုန်းကြီးသော မျှော်လင့်ခြင်း။

## A Glorious Hope

ခရစ်တော်မပါသည့် မိမိတို့၏အသက်တာသည် မျှော်လင့်ချက်ကင်းမဲ့သော အဆုံးသတ်ဖြစ်ပြီး ခရစ်တော်ရှိလျှင်၊ အဆုံးမဲ့ မျှော်လင့်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အထဲ၌ သေဆုံးသွားသောအခါ မသေဘဲ ဖန်ဆင်းရှင်နှင့် ရင်ဆိုင်ရမည့် ဝိညာဉ်တစ်ခု ရှိသည်။ ဗလာကျင်းဖြစ်နေသည့် ဂူသင်္ချိုင်းသည် သေဆုံးသွားပြီးနောက် အောင်မြင်ပြီး၊ ထာဝရအသက်ရှိသည်ဆိုသော ခိုင်မာသည့်သက်သေ အထောက်အထားဖြစ်ပြီး၊ ဤအရာသည် ခရစ်တော်၏ ကောင်းစွာသက်သေပြထားသည့် ရှင်ပြန်ထမြောက်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

၁ ကောရိန္သု ၁၅:၆ ၌ဖော်ပြသကဲ့သို့၊ ယေရှုကို လူ (၅၀၀) ကျော်က မြင်တွေ့ခဲ့ရသည်၊ “*ထိုနောက် ညီအစ်ကိုငါးရာမက၊ တစ်ပြိုင်နက် မြင်ရကြ၏။ ထိုသူတို့တွင် အများသောသူတို့သည် ယခုတိုင်အောင် အသက်ရှင်ကြသေး၏။ အချို့တို့သည် အိပ်ပျော်ကြပြီ။*”

ထို့ကြောင့် ပေါလုသည် ၁ ကောရိန္သု ၁၅:၅၅-၅၇ တွင် ယုံကြည်စိတ်ချစွာ၊ “*အိုသေမင်း၊ သင်၏လက်နက်သည်အဘယ်မှာရှိသနည်း။ အို မရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာ ရှိသနည်း။ သေမင်း၏လက်နက်ကား ဒုစရိုက်အပြစ်ဖြစ်ပေတည်း။ ဒုစရိုက်အပြစ်၏တန်ခိုးကား ပညတ်တရားပေတည်း။ ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အားအောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှစွာတကား။*” ဟု ပြောခဲ့သည်။

ထို့ကြောင့်၊ သင်္ချိုင်းထက်ကျော်လွန်ကာ၊ မျှော်လင့်ချက်တစ်ခုရှိပြီး ခရစ်ယာန်များသည် ကြောက်ရွံ့ရန်နှင့် စိတ်ပူပန်ရန် မလိုအပ်တော့ပေ။ ယောဟန် ၁၁:၂၅-၂၆ မှာ “*ယေရှုက ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်လည်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း အသက်ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း၊ သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကိုယုံသလော့ဟုမေးတော်လျှင်၊ မာသက၊ဟုတ်ပါ၏သခင်။*”

ရှင်ပြန်ထမြောက်ခြင်းတနင်္ဂနွေနေ့သည် ရန်သူများနှင့် သေခြင်းတရားအပေါ် သခင်ဘုရား၏အောင်မြင်ခြင်းကို အလေးပေးဖော်ပြသောကြောင့် ဘုန်းကြီးသောအောင်မြင်ခြင်းတစ်ခုဖြစ်သည်။ ထို့ကြောင့်၊ ကိုယ်တော်၏အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်းနှင့် ဖြောင့်မတ်ခြင်းသို့ရောက်သူများသည် ခရစ်တော်၌ ထာဝရအသက်ကို ရရှိနိုင်သည်။ အသက်ရှင်ခြင်း၏မျှော်လင့်ချက် စိတ်ချမှုကို မခံစားရသူများအတွက် ယေရှုက၊ “*ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့၏စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ ဟု မိန့်တော်မူ၏* (မဿဲ ၁၁:၂၈-၃၀)။”

## နိဂုံး

အီဂျစ်လူမျိုးများသည် အလောင်းကိုမပုတ်မသုတ်အောင်မစီမံလျှင်၊ သေဆုံးသွားသောသူသည် နောက်ဘဝတွင် အသက်ရှင်ကျန်ရစ်လိမ့်မည်ဟု ယုံကြည်ကြသည်။ သို့သော်၊ ဖာရောဘုရင်များထဲတွင် အကောင်းဆုံးတွေတောင် ရာစုနှစ်ပေါင်းများစွာ မင်းဆက်အုပ်ချုပ်ပြီးနောက် သေဆုံးသွား

ကြပြီး၊ သန်ချိုင်းပြင်ပမှာ မကယ်တင်ခံရသေးသော ဘုရင်များအတွက် မျှော်လင့်ချက်မရှိပေ။ ခရစ်ယာန်များအတွက် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကြောင့်၊ တခြားဘာသာတရားများတွင် မရှိသည့်သင်္ချိုင်းပြင်ပမှ ကျွန်ုပ်တို့၌ အသက်ရှင်နိုင်မည့် ထာဝရမျှော်လင့်ခြင်း ရှိပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်တွင် ကျွန်ုပ်တို့သွားရောက်လည်ပတ်ခဲ့သည့် ဥယျာဉ်သင်္ချိုင်းတွင် အရိုးသင်္ချိုင်း မဟုတ်ဘဲ ဗလာသင်္ချိုင်းတစ်ခုရှိပါသည်။ *"ကိုယ်တော် အသက်ရှင်တော်မူသော ကြောင့် မနက်ဖြန်ကို ကျွန်ုပ်တို့ ရင်ဆိုင်နိုင်ပါသည်"* ဆိုသည်မှာ ဓမ္မသီချင်းရေးဆရာရဲ့ အာမခံချက်ဖြစ်ပြီး ကျွန်ုပ်တို့၏ အာမခံချက်လည်းဖြစ်ပါသည်။ ခရစ်တော်ကို ကျွန်ုပ်တို့ယုံကြည်နိုင်ပါသည်၊ အဘယ်ကြောင့် ဆိုသော်၊ ကိုယ်တော်သည် အပြစ်၊ ငရဲနှင့် သေခြင်းတရားကို အောင်နိုင်သောကြောင့်ဖြစ်သည်။ ကိုယ်တော်ကို ယုံကြည်သူတိုင်းသည် ကယ်တင်ခြင်းကို ရရှိမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် အောက်မေ့ဖွယ်အစီအစဉ် သို့မဟုတ် စျာပနအစီအစဉ်ကို ကျင်းပတိုင်း ဝမ်းနည်းပူဆွေးနေသော မိသားစုအား နှစ်သိမ့်မှုစကားများကို ပြောကြားခြင်းနှင့် သင်္ချိုင်းမြေရှိ မယုံကြည်သူများအတွက် ဧဝံဂေလိတရားတော်အဖြစ် ဟောပြောခြင်းတွင် တန်ခိုးရှိပါသည်။ ခရစ်ယာန်ယုံကြည်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းကြောင့် ထာဝရအသက်နှင့် အသက်တာကို အကျိုးသက်ရောက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းမပါဘဲ ကျွန်ုပ်တို့သည် လူသားအားလုံးတွင် စက်ဆုပ်ရွံရှာဖွယ်အကောင်းဆုံးသော လူသားများဖြစ်ကြသည်။

ထို့ကြောင့်၊ အချိန်မနှောင်းမီ ရှာတွေ့နိုင်စဉ်တွင် သခင်ယေရှုကို မိမိတို့၏သခင်အဖြစ် ရှာဖွေကြပါစို့။ ရှင်ပြန်ထမြောက်ခြင်း၏ အသုံးပြုခြင်းတွင် ခရစ်တော်၌ အောင်မြင်ပြီး၊ ကြွယ်ဝသော အသက်တာသစ်မှ ကိုယ်တိုင် အသက်ရှင်ခြင်း ဖြစ်သည်။ ၂ ကောရိန္သု ၅:၁၇ တွင် ပေါလုက ထို့ကြောင့်၊ “*လူမည်သူမဆို၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။”* ရှင်ပြန်ထမြောက်ခြင်း၏ မျှော်လင့်ချက်ကြောင့် ကျွန်ုပ်တို့သည် သေခြင်းကိုငှင်း၊ ဤဘဝ၏ ခေတ္တဒုက္ခဆင်းရဲခြင်းကိုငှင်း ကြောက်ရွံ့ရန် မလိုအပ်ပါ။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အပြစ်နှင့် သေခြင်းတရားကို အောင်နိုင်ပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း၊ မျှော်လင့်ခြင်း၌ငှင်း၊ ဤအမှန်တရား၏အလင်း၌ငှင်း လျှောက်လှမ်းပြီး၊ ဤအန္တရာယ်များသောကာလတွင် ကျွန်ုပ်တို့၏သခင်ယေရှု မကြာမီကြွလာတော်မူမည်ကို မျှော်လင့်ခြင်းဖြင့် စိတ်ရှည်စွာနှင့် ဆုတောင်းကြပါစို့။

(မှတ်ချက်။ ပိုမိုနက်ရှိုင်းသော လေ့လာမှုအတွက် Gary Habermas Case for the Resurrection of Jesus, Kregel Publications, Lee Strobel, The Case for Easter, Zondervan နှင့် Josh McDowell, New Evidence that Demand a Verdict, Here's Life Publishers, 1999 တို့ကို ဖတ်ရှုပါ။)

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ - Myitta**